သီတဂူ PROJECT များ

သီတဂူဆရာတော်သည် သာသနာ တော်အရှည် တည်တံ့ ပြန့်ပွားရေးအတွက် အောက်ပါလုပ်ငန်းကြီး (၄) ရပ် ကိုစီမံချက်ချ၍ ဆောင်ရွက်လျက်ရှိပါသည်။

(၁) သီတဂူရေအလှူတော်

(၂) သီတဂူအာယုဒါန ဆေးရုံတော်

(၃) သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်

(၄) သီတဂူ ဓမ္မဂိဟာရ

အဆိုပါ လုပ်ငန်းကြီးများကို စံနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ ကို ၁၉၇၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပါသည်။

သီတဂူရေအလှူတော်

စစ်ကိုင်းတောင်ရိုးရှိ ဘုန်းကြီးကျောင်း ၊ သီလရှင်ကျောင်းများ ရေပြတ်လပ်မှုကို ထောက်ပံ့နိုင်ရန် အတွက် ၁၉၈၂ ခုနှစ်တွင် ရေအလှူတော် စီမံကိန်း ကိုစတင်ခဲ့ပါသည်။

ဧရာဝတီမြစ်ရေကို မြင်းကောင်ရေအား (၃၀) ရှိသော ရေပိုက်လိုင်း (၁၀)လိုင်းဖြင့် ရေလှောင်ကန်ကြီးများ ဆီသို့သယ်ယူ၍ စစ်ကိုင်းတောင်ရိုး တစ်လျှောက် (၈)မိုင်ဇရိယာအထိ နေ့စဉ်ရေဂါလံ ၅သိန်း ကျော်ပေးဝေ ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူတော် စီမံချက်ကြောင့် စစ်ကိုင်းတောင်ရိုးရှိ ဘုန်းကြီးကျောင်း သီလရှင်ကျောင်း ချောင်ပေါင်း ၈၇၀ ကျော်ရှိ သံဃာတော်၊ သာမဏေ ၊ သီလရှင် ၈၀၀၀ ကျော်ကို သောက်သုံးရေ ဖူလုံစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ (၁၁)ခုမြောက်ရေလှောင်ကန် ဆောက်လုပ်ရေးမှာ လည်းပြီးစီးလုနီးပါး ရှိပြီဖြစ်ပါသည်။

သီတဂူအာယုဒါနဆေးရုံတော်

သီတဂူအာယုဒါန ဆေးရုံတော်ကို စစ်ကိုင်းတောင်ရိုးတွင် ၁၉၈၉ ခုနှစ်ကဖွင့်လှစ်ခဲ့ရာ ယခုအခါ အထူးကုဆောင် ၊ မျက်စိအထူးကုဆောင် ၊ ကူးစက်ရောဂါဆောင် ပါဝင်သောကုတင် ၁၀၀ ဆန့်ဆေးရုံဖြစ်လာခဲ့သည်။ ထို့ပြင်ခေတ်မှီ ဓါတ်ခွဲခန်း ၊ ဓါတ်မှန်ခန်းမ၊ အထွေထွေ ခွဲစိတ်ဆောင် ၊ မျက်စိခွဲစိတ်ဆောင် စသောတိုးချဲ့ မှုအဆင့်ဆင့် ကိုလည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

သီတဂူအာယုဒါန ဆေးရုံတော်ကြီးတွင် အတွင်းလူနာ ၆၀ ၊ ပြင်ပလူနာ ၅၀ ကိုနေ့စဉ်ကုသပေးလျက်ရှိရာ မန္တလေးမှ အထူးကု ဆရာဝန်ကြီးများကိုယ်တိုင် အပတ်စဉ် သက်ဆိုင်ရာရောဂါများကို ကုသိုလ်ဖြစ်လာရောက်ကြည့်ရှု ကုသပေးလျက်ရှိပါသည်။

အထူးသဖြင့် မျက်စိကုသဆောင် တွင်ခေတ်မှီ လေဆာကိရိယာများဖြင့် ကြည့်ရှုကုသပေးရုံသာမက အထူးအစီအစဉ်အနေဖြင့် လွန်ခဲ့သော (၄) နှစ်မှစ၍ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်များ ကိုနှစ်စဉ် ဒီဇင်ဘာလ၌ ဖိတ်ကြား၍ လူနာ (၁၀၀) ကျော်ကိုနေ့စဉ် ကြည့်ရှု ကုသပေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။ ယခုနှစ်တွင် ဒီဇင်ဘာအပြင် အောက်တိုဘာလ၌ လည်းအထက်ပါအတိုင်းကြည့်ရှု ကုသပေးရန်စီစဉ် လျက်ရှိပါသည်။

သီတဂူ စက္ခုဒါန ဆေးရုံတော် များကို သီပေါတွင် ၂၀၀၈ ခုနှစ်၊ ကလေးတွင် ၂၀၀၉ ခုနှစ်၊ နတ်မောက်တွင် ၂၀၁၀ ခုနှစ်၊ စစ်ကိုင်းတောင်ရိုး ဆားတောင်တွင် ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလက အထွေထွေရောဂါကုဆေးရုံ အဖြစ် လည်းကောင်း၊ တိုးချဲ့လုပ်ငန်းများအဖြစ် တည်ဆောက်ခဲ့ပါသည်။ ရဟန်း၊သာမဏေ၊သီလရှင် များအတွက်သာမက လူပုဂ္ဂိုလ်များအတွက်ပါ ရည်ရွယ်၍ နိုင်ငံတစ်ဝှမ်းရှိ အစိုးရဆေးရုံပေါင်း (၄၀) ကျော်ကို ဆေးရုံသုံးပစ္စည်း များလှူဒါန်းခဲ့ပါသည်။

သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓတက္ကသိုလ်

သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ် ဗဟိုတက္ကသိုလ် ကိုစစ်ကိုင်းတောင်ရိုးတွင် ၁၉၉၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ ဒီပလိုမာတန်းအောင်မြင်သူ ၅၅၀ ကျော် ၊ ဘီအေတန်း အောင်မြင်ပြီးသူ ၄၀ ကျော် ရှိခဲ့ပြီး MA တန်းကိုစတင်ပို့ချပေးနေပြီ ဖြစ်ပါသည်။ အလားတူပင် မန္တလေးမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ် သင်တန်းများကို ၂၀၀၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဒီပလိုမာ သင်တန်းသား ၁၁၂ ယောက်ကို သင်ကြားပို့ချနေပြီ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အောက်မြန်မာနိုင်ငံမှ သံဃာတော်များ အတွက်ချောမောလွယ်ကူစွာသင်တန်းတက်ရောက်နိုင်ရန် သီတဂူဗုဒ္ဓတက္ကသိုလ် သင်တန်းများကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုဗိမာန်တော်တွင် ၂၀၀၇ ခုနှစ်မှစတင် ဖွင့်လှစ်သင်ကြားနေခဲ့ရာ ယခုအခါ ဒီပလိုမာတန်းအောင်မြင်ပြီးသူ ၃၅ ဦးရှိခဲ့ပြီး B.A သင်တန်းကိုလာမည့် ၂၀၁၀-၂၀၁၁ စာသင်နှစ်မှစတင် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အထက်ပါ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် သင်တန်းများအတွက် သီးခြားစာသင်ဆောင်ကြီး ဆောက်လုပ်ပြီးစီးခြင်းမရှိသေးသည့်အတွက် သင်တန်းသားသံဃာတော်များ သည်အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုဗိမာန်တော်ကြီး၏ ကားထားသည့် (Car Parking) နေရာတွင် သင်တန်းတက်ရောက် ကြရပါသည်။ရန်ကုန်မြို့တွင်လည်း သီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းဆောင်ကြီး တစ်ခုလိုအပ်သည့်အတွက် စာသင်ခန်း (၆) ခန်းပါဝင်သော စာသင်ကျောင်းဆောင်ကြီးကို စတင်ဆောက်လုပ်နေပြီ ဖြစ်ပါသည်။

သုံးထပ်ကျောင်းဆောင်ကြီးတွင် အပေါ်ဆုံးထပ်တွင် Convocation Hall နှင့် Conference Hall ဘွဲ့နင်းသဘင်များနှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးပွဲများကို ကျင်းပနိုင်ရန် ရည်ရွယ်၍ Audio Video System များအပြည့်အစုံ တပ်ဆင်ပေးမည် ဖြစ်ပါသည်။ ထိုခန်းမဆောင်ကြီး ကိုမဟာသန္ဓိပါတခန်းမဆောင်ဟု အမည်ပြုထားပါသည်။

ပထမထပ်တွင် စာသင်ဆောင်ပေါင်း (Lecturer Hall) ခြောက်ဆောင်ရှိပါမည်။ အဆောင်အမည်များကို မြတ်ဗုဒ္ဓ၏ ကျောင်းတော်ရာနှင့် တည်ရှိရာဒေသတို့ကို ဂုဏ်ပြုပူဇော်သော အားဖြင့် အောက်ပါအမည်များကို ပေးထားပါသည်။

(၁) ဇေတဝန် ခန်းမဆောင်

(၂) ဝေဠုဝန် ခန်းမဆောင်

(၃) မိဂဒါဂုန် ခန်းမဆောင်

(၄) သာဂတ္ထိ ခန်းမဆောင်

(၅) ဗာရာဏသီ ခန်းမဆောင်

၄င်းအပြင် ပါမောက္ခ အစုမျှူးရုံးခန်း (၃) ခန်းလည်း ဤအထပ်တွင်ပါရှိပါမည်။ မြေညီထပ်တွင် Dinning Hall ကိုမဟာကေဇနသာလာဟူ၍ အမည်ပြုထားပါသည်။ ထိုမြေညီထပ်တွင်ပင် Lecture Theatre ကို လုမ္ဗဏီ ခန်းမဆောင်ဟု အမည်ပြုထားပါသည်။

အထက်ပါ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) မှာယခုစတင်အကောင်အထည်ဖော်တည်ဆောက်နေဆဲဖြစ်၍ သုံးထပ်ကျောင်းဆောင်အတွက် မတည်အလှူရှင်များရှိပါသည်။ သီးခြား အမည်တပ်၍ လှူဒါန်းနိုင်သော ခန်းမဆောင်များအတွက်ကုသိုလ်ပြုလိုသူများ အနေဖြင့် လှူဒါန်းနိုင်ကြပါသည်။

(အခန်းအလိုက်လှူဒါန်းနိုင်သည့်တန်ဖိုးကို သီးခြားဖော်ပြထားပါသည်)

သီတဂူဓမ္မဂိဟာရ

ပြည်ပ၌လည်း ဗုဒ္ဓသာသနာကို စနစ်တကျ သိရှိကျင့်ကြံနိုင်ရန်အတွက် လမ်းညွှန်ပြသပေးရာ နေရာတစ်ခုအဖြစ် သီတဂူဓမ္မဂိဟာရကို ၁၉၉၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ Austin, Texas တွင်တည်ထောင်ခဲ့.ပါသည်။

Austin အတွတ် (၁၅)ဧက ကျယ်ဝန်းသော မြေနေရာကို ဝယ်ယူ၍ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခဲ့.ပါသည်။ ထိုကျောင်းဝန်းတွင် အမြင့်.ပေ (၈၀)ရှိသည်. ရွှေစည်းခုံစေတီတည်ထားပြီး စေတီတော်ဘေးဝန်းကျင်တွင် သီးခြားဘုန်းကြီးကျောင်းများနှင့်. ဆွမ်းစားဆောင်၊ တရားရိပ်သာစခန်းများ ထားရှိရန် ရည်ရွယ်ထားပါသည်။

Austin အပြင် Maple Wood, MN တွင် သီတဂူ ဓမ္မဝိဟာရ နှင့်. Miramar, FL တွင် ဓမ္မာလောက ဗုဒ္ဓဘာသာအသင်းတို.လည်း တည်ရှိပါသည်။

သီတဂူသာသနာပြုအဖွဲ.သည် သာသနာရေးကိစ္စများတွင်လည်း လိုအပ်သလို အထောက်အပံ့အကူအညီများပေးလျက်ရှိပါသည်။ နာဂစ် မုန်တိုင်း တိုက်ခတ်စဉ်ကာလ၌ ဧရာဝတီတိုင်း

မုန်တိုင်းသင်.ဒေသများသို့. သီတဂူဆရာကြီးတော်ကြီး ကိုယ်တိုင် အကြိမ်ကြိမ် သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်းဖြင့. စနစ်တကျဆောင်ရွက်ခဲ့.ပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ ဆက်လက်ဆောင်ရွက်ခဲ့.ရာ မုန်တိုင်းသင်.၍ ပြိုကျပျက်စီးသွားသော စေတီပေါင်း (၁၇၀) ကျော်ကို ပြုပြင်၍ ရွှေထီးတော် အသစ်များ တင်လှူပူဇော်ခြင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း (၂၇)ကျောင်းတို.ကို အသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ ဧရာဝတီတိုင်းရှိ ဆေးရုံပေါင်း (၁၂)ရုံသို. ကျပ်သိန်းပေါင်း (၅၀၀)ခန်.ရှိသော ပစ္စည်းများ လှူဒါန်းခြင်းတို.ကို ဆောင်ရွက်နိုင်ခဲ့.ပါသည်။ ယနေ.ထက်တိုင် အဆတ်မပြတ် ပံ့ပိုးပေးနေဆဲဖြစ်ပါသည်။

သီတဂူသာသနာပြု အဖွဲ.၏။ ဆောင်ရွက်ပြီခဲ့.သော သာသနာပြုလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရန် အဖက်ဖက်မှ ပါဝင်ကုသိုလ်ပြုကြသော အလှူရှင်များအား သာဓုအနုမောဒနာပြုအပ်ပါသည်။ ဆောင်ရွက်ဆဲဖြစ်သော သာသနာပြုလုပ်ငန်းများ ပြီးမြောက်စေရန် အတွတ်လည်း တက်အားသမျှ ကုသိုလ်ပြု လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

<u>ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) စာသင်ကျောင်း၌ သီခြားအမည်တပ်၍ လှူဒါန်းနိုင်သော ခန်းမဆောင်များ</u>

<u>တတိယထပ် "တခန်းလျှင် ကျပ်သိန်း (၂၅၀)"</u>

၁။ အဓိပတိဆရာတော်ရုံးခန်း

၂။ ပါမောက္ခချုပ်ဆရာတော်ရုံးခန်း

၃။ မော်ကွန်းထိန်းဆရာတော်ရုံးခန်း

<u>ဒုတိယထပ် "စာသင်ဆောင် (၆)ဆောင်၊ တဆောင်လျှင် ကျပ်သိန်း (၅၀၀)"</u>

၁။ သာဝတ္ထိ ခန်းမဆောင်

၂။ ဇေတဝန် ခန်းမဆောင်

၃။ ရာဇဂြိုလ် ခန်းမဆောင်

၄။ ဝေဠုဝန် ခန်းမဆောင်

၅။ ဗာရာဏသီ ခန်းမဆောင်

၆။ မိဂဒါဝုန် ခန်းမဆောင်

"ပါမောက္ခဌာနမူးရုံးခန်း (၃)ခန်း၊ တခန်းလျှင် ကျပ်သိန်း (၂၅၀)စီ"

<u>မြေညီထပ်</u>

"တဆောင်လျှင် ကျပ်သိန်း (၁၀၀၀)"

၁။ ဘောဇနသာလာ (Dinning Hall)

၂။ လုမ္မိနီသင်တန်း ခန်းမဆောင်ကြီး (Lecture Theater)

<u>ဆတ်သွယ်ရန်</u>

အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုအဖွဲ.

အမှတ် (၁၀) ပင်လုံလမ်း နှင်. ပါရမီလမ်း၊ ဒဂုံမြို့.သစ်မြောက်ပိုင်း၊

ရန်ကုန်မြို့။

ဒေါက်တာ အဂ္ဂမမ္မ (စီမံရေးရာတာဝန်ခံ)	၀၉-၈၆၀-၁၈၅၉
ဒေါက်တာ ပညာသီဟာလင်္ကာရ (ပညာရေးတာဝန်ခံ)	၀၉-၈၅၅-၃၄၈၂
ဦးဟန် (အတွင်းရေးမှူး-၁)	၀၉-၅၁၉-၉၉၉၀
ဦးခင်မောင်ဝင်း (အတွင်းရေးမှူး-၂)	၀၉-၅၀၀-၇၅၆၀
ဦးဝင်းအောင် (အတွင်းရေးမှူး-၃)	၀၉-၅၀၁-၇၄၉၃
ဦးမြင့်.အောင် ((အတွင်းရေးမှူး-၄)	၀၉-၅၁၄-၇၉၉၃
ဦးတင်အေး (တည်ဆောက်ရေးတာဝန်ခံ)	၀၉-၅၁၃-၉၄၆၄
ဦးကျော်ရှိန် (ရုံးအဖွဲ.မှူး)	၀၁-၅၈၁၉၉၉၊ ၀၉-၈၅၅-၃၄၈၇